အာဒဝင်တူးပထမတနင်္ဂနွေနေ့ ဒီဇင်ဘာ ၃ ရက် ၂၀၂၃

ဒီနေ့ကျမ်းချက်များရဲ့ အနှစ်ချုပ်ကတော့ သခင်ဘုရားရဲ့သတိပေးစကားများဖြစ်တဲ့ အသင့်စောင့်နေခြင်း၊ အဆင်သင့်ပြင်ဆင်ခြင်းအကြောင်းဘဲဖြစ်ပါတယ် ဘာဖြစ်လို့လဲဆိုတော့ ကိုယ်တော်ရဲ့ ဒုတိယအကကြွကြိမ်ကြွလာတော်မူခြင်းဟာ ကမ္ဘာလောကကြီးကုန်ဆုံးသွားခြင်းနဲ့ တိုက်ဆိုင်လို့ဘဲ ဖြစ်ပါတယ်။ ကျွန်ုပ်တို့အချိန်မှာလဲ ဖြစ်နိုင်ပါတယ်။

ဒီကနေ့ဓဝံဂေလိကျမ်းမှာ သခင်ယေရှုက ကျွန်ုပ်တို့မှာ ကမ္ဘာကုန်မှာကိုကြောက်ရွံ့စရာမလိုကြောင်း၊ ကျွန်ုပ်တို့ဟာ အမြဲတမ်းအဆင်သင့်ပြင်ဆင်ထားမယ်ဆိုရင် ခရစ်တော်ရဲ့ဒုတိယအကြိမ်ကြွလာတော်မူခြင်းနှင့် နောက်ဆုံးသောစီရင်ခြင်းကို ကြောက်စရာမလိုကြောင်း သေချာစွာသွန်သင်ထားပါတယ်။ အာဒဝင်တူးပထမတနင်္ဂနွေနေ့မှာ သာသနာတော်ကြီးက သခင်ဘုရားရဲ့ဒုတိယအကြိမ်ကြွလာတော်မူခြင်းအတွက် ပြင်ဆင်ပြီး အဆင်သင့်ရှိနေဘို့ ကျွန်ုပ်တို့ကိုဖိတ်ခေါ်ပါတယ်။

၁) လွန်ခဲ့သော နှစ်ပေါင်းနှစ်ထောင်က ခရစ်တော်ရဲ့ ပထမအကြိမ်ကြွလာတော်မူခြင်းကို ပြန်လည်အောင့်မေ့သတိရလျက် ကောင်းမွန်စွာကျင်းပခြင်းအားဖြင့်၊
၂) နေ့စဉ်နှင့်အမျှ ကိုယ်တော်မြတ်စက္ကရင်မင်တူးမှာသော်လည်းကောင်း၊ နှုတ်ကပတ်တော်မှာသော်လည်းကောင်း၊ ကိုယ်တော်ကိုဝတ်ပြုကိုးကွယ်ကြတဲ့ အသင်းအဖွဲ့တွေထဲမှာသော်လည်းကောင်း ကိုယ်တော်ရှိနေတော်မူကြောင်းကို သိရှိဝန်ခံခြင်း
၃) မျှော်လင့်မထားတဲ့၊ မထင်မှတ်ထားတဲ့ ကျွန်ုပ်တို့သေရမဲ့အချိန်မှာ သို့မဟုတ် ဘယ်အချိန်ကမ္ဘာကုန်မလဲဆိုတာ ကြိုတင်မသိထားသော်လဲ နေ့စဉ်နှင့်အမျှ ကိုယ်တော်ရဲ့ဒုတိယအကြိမ်ကြွလာတော်မူခြင်းကို အမြဲတမ်းပြင်ဆင်ခြင်းအားဖြင့် အဆင့်သင့်ဖြစ်အောင် ကြိုတင်ပြင်ဆင်ရမှာဖြစ်ပါတယ်။

ပထမကျမ်းမှာ ပရောဖက်ဟောရှာယက ဂျူးလူမျိုးတို့
ဘုရားအပေါ်မှာသစ္စာရှိနေဘို့အတွက် ဘုရားရဲ့ ရှိနေတော်မူခြင်းကို
(တနည်းအားဖြင့် ဘုရားရှိတယ်ဆိုတာ အမြဲတမ်းသူတို့သိမြင်နိုင်ဘို့အတွက်)
ဆုတောင်းပါတယ်။

ဒုတိယကျမ်းမှာ သူတို့ရရှိထားတဲ့ကျေးဇူးတော်တွေကို အလွဲသုံးစားပြုတဲ့၊
ခရစ်တော်ရဲ့ဒုတိယအကြိမ်ကြွလာတော်မူခြင်းနဲ့ပတ်သက်ပြီး
ဘာမှပြင်ဆင်ထားခြင်းမရှိတဲ့ ကောရိန်သုမြို့က ခရစ်ယာန်တွေ
အမြဲတမ်းဘုရားဘက်ကို ပြောင်းလဲလာဘို့အတွက်
သံပေါလူးဆုတောင်းခဲ့တဲ့အကြောင်းကို ဖတ်ရှုခဲ့ကြပါတယ်။

ဒီကနေ့ဝေံဂေလိကျမ်းမှာ  သခင်မရှိတဲ့အခိုက်မှာ အစေခံနဲ့ တံခါးစောင့်တို့ရဲ့
တိုတောင်းတဲ့ ပုံဥပမာ ကြားနာရပါတယ်။ သခင်ဟာ ဘယ်အချိန်မဆို
ပြန်လာနိုင်တာနိုင်တာရယ်၊ သူ့ရဲ့တပည့်တော်ကြီးများနဲ့ ကျွန်ုပ်တို့ကို
အမြဲတမ်းသတိရှိစွာနဲ့ သခင်ပြန်လာမဲ့အချိန်ကို အမြဲစောင့်ကြိုဘို့
ခရစ်ယာန်တို့ရဲ့တာဝန်ဝတ္တရားကို ပြီးမြောက်အောင် ဆောင်ရွက်ဘို့ဆိုတာတွေကို
သင်ကြားပါတယ်။ တံခါးစောင့်အစေခံနဲ့ အိမ်မှာအလုပ်လုပ်တဲ့အစေခံတွေဟာ
အမြဲတမ်းသတိရှိစွာနဲ့ တကယ်ဘဲတချိန်မဟုတ်တချိန်ပြန်လာမဲ့သခင်ကို
စောင့်ကြိုနေကြရမှာဖြစ်ပါတယ်။ ဘယ်အချိန်လဲဆိုတာကိုတော့
အတိအကျမသိရပေမဲ့၊ သေချာတာကတော့
ဆုပေးဒဏ်ပေးခြင်းဆိုတာရှိတာဘဲဖြစ်ပါတယ်။

ရှေးကပရောဖက်တွေရဲ့ သွန်သင်ချက်များနဲ့
ဆေးကြောခြင်းမင်္ဂလာကိုပေးတဲ့ယောဟန်ရဲ့ဟောကြားခဲ့တဲ့အတိုင်းဘဲ
သခင်ဘုရားဟာ နောက်ဆုံးသောစီရင်ခြင်းနေ့အကြောင်းကို
ဟောကြားခဲ့ပါတယ်။ လူတိုင်းလူတိုင်း မိမိတို့ရဲ့ပြုမူလုပ်ဆောင်မှုများနဲ့
စိတ်နှလုံးထဲကလျှို့ဝှက်ချက်တွေကို အလင်းထဲထုတ်ဖော်ခြင်းခံရမဲ့အကြောင်း
ဆိုခဲ့ပါတယ်။ ကျွန်ုပ်တို့နဲ့နီးစပ်တဲ့သူတွေအပေါ်မှာ ရှိရမဲ့စိတ်နေစိတ်ထားဟာ
ဘုရားရဲ့ကျေးဇူးတော်နဲ့ မေတ္တာတော်ကို လက်ခံတယ် ဒါမှမဟုတ် ငြင်းပယ်တယ်

ဆိုတဲ့အပေါ်မူတည်ပြီး စီရင်ခြင်းခံရမှာ ဖြစ်ပါတယ်။ (ငါအမှန်ဆိုသည်ကား၊ အငယ်ဆုံးသော ငါ့၏ညီအစ်ကိုကို သင်ပြုခြင်းသည် ငါ့ကိုပြုခြင်းဖြစ်၏။

ခရစ်တော်ဘုရားသည် အစဉ်ထာဝရအသက်၏အရှင်သခင်ဖြစ်၏။ ကမ္ဘာကိုကယ်တင်သောအရှင်သခင်ဖြစ်သည်နှင့် ကိုယ်တော်သည် လူတို့၏အလုပ်အကိုင်နှင့် စိတ်နေစိတ်ထားတို့ကို စီရင်ဆုံးဖြတ်ပိုင်ခွင့်ရှိပါတယ်။ ဒီအခွင့်အရေးကို ကားတိုင်တော်အားဖြင့် ကိုယ်တော်ရယူခဲ့ပါတယ်။ အားလုံးသောစီရင်ဆုံးဖြတ်ခြင်းကို ခမည်းတော်က သားတော်ကို ပေးအပ်ခဲ့ပါတယ်။ ဒါပေမဲ့ သားတော်က စီရင်ဘို့အတွက် ဆင်းကြွလာခြင်းမဟုတ်ပါ။ ကယ်တင်ဘို့နဲ့ အသက်ကိုပေးဘို့အတွက် ဆင်းကြွလာခြင်းဖြစ်ပါတယ်။ ဒီလောကအသက်တာမှာ ကျေးဇူးတော်ကိုငြင်းပယ်ခြင်းဟာ မိမိကိုယ်ကိုမိမိစီရင်ဆုံးဖြတ်ပြီးသားဘဲ ဖြစ်ပါတယ်။ မိမိတို့ပြုမူဆောင်ရွက်ချက်အတိုင်း မိမိတို့ပြန်လည်ရရှိပြီး ချစ်ခြင်းရဲ့ဝိညာဉ်တော်ကိုငြင်းပယ်ခြင်းအားဖြင့် မိမိကိုယ်ကိုမိမိအစဉ်ထာဝရ စီရင်ခြင်းသာလျှင် ဖြစ်ပါတယ်။

သခင်ဘုရားဟာ သာသနာတော်အားဖြင့် စီမံအုပ်ချုပ်လျက်ရှိပါတယ်။ ဒါပေမဲ့ အရာအားလုံးဟာ ကိုယ်တော်ရဲ့အုပ်စိုးမှုကို မခံယူကြသေးပါဘူး။ ကိုယ်တော်၏နိုင်ငံတော်ရဲ့ အောင်မြင်ခြင်းဟာ ဆိုးသွမ်းသောတန်ခိုးရဲ့ ကျူးလွန်ခြင်းမပါဘဲ ရောက်ရှိလာမှာ ဖြစ်ပါတယ်။

ကမ္ဘာကုန်တဲ့စီရင်ဆုံးဖြတ်ခြင်းနေ့မှာ ခရစ်တော်ဘုရားဟာ ဘုန်းတော်ဂုဏ်တော်နဲ့ကြွမြန်းလာပြီး အဆိုးကို အကောင်းနဲ့အနိုင်ယူမှာဖြစ်ပါတယ်။ (ဂျုံစပါးနဲ့ပေါင်းပင်မြက်ပင်တို့ အတူတကွပေါက်ခဲ့ပေမဲ့ နောက်ဆုံးသောနေ့မှာ ခွဲထုတ်ခြင်းခံရမယ်ဆိုတဲ့ ပုံဥပမာကို သတိရစေပါတယ်။

သေသူရှင်သူတို့ကို စီရင်မဲ့ နောက်ဆုံးသောအချိန် ကိုယ်တော်ကြွမြန်းလာတော်မူသောအခါ ဘုန်းတော်ဂုဏ်တော်နဲ့ပြည့်ဝတဲ့

ခရစ်တော်ဘုရားဟာ လူတွေရဲ့နှလုံးသားထဲက လျှို့ဝှက်ခြင်းများကို ဖော်ထုတ်ပြီး လူတွေရဲ့ပြုမူခြင်းများ လုပ်ဆောင်ခြင်းများအပေါ် နဲ့ ကျေးဇူးတော်ကို လက်ခံခြင်းနဲ့ ငြင်းပယ်ခြင်းအပေါ် အခြေခံပြီး ဆုပေးဒဏ်ပေးမှာ ဖြစ်ပါတယ်။

ခရစ်တော်ဘုရားရဲ့မျက်မှောက်တော်မှာ အသက်ရှင်နေထိုင်သွားကြရမှာဖြစ်ပါတယ်။ ဒုတိအကြိမ် ကိုယ်တော်ကြွလာတော်မူခြင်းကို စောင့်မျှော်လျက် ကိုယ်တော်ရှေ့မှာ အသက်ရှင်ရမှာ ဖြစ်ပါတယ်။ ကိုယ်တော်မြတ်စက္ကရင်မင်တူးမှာ၊ သမ္မာကျမ်းထဲမှာ၊ ကျွန်ုပ်တို့သာသနာအုပ်စုဘာသာဝင်တွေကြားမှာ၊ ကျွန်ပ်တို့မိသားစုအတွင်းမှာ၊ ကျွန်ုပ်တို့ရဲ့စိတ်နှလုံးစိတ်ဝိညာဉ်ထဲမှာ၊ ကျွန်ုပ်တို့ဝန်းကျင်မှာရှိတဲ့ လူတိုင်းလူတိုင်းဆီမှာ ကိုယ်တော်ရှိနေခြင်းကို တွေ့ကြုံခံစားနိုင်ပါတယ်။

(မာရာနာသာ ) အိုအရှင်ဘုရား ကျွန်ုပ်တို့၏နေ့စဉ်ဘဝအသက်တာဆီသို့ ကိုယ်တော်ကြွလာတော်မူပါ ဘုရား–အာမင်။